# ဒေသဆိုင်ရာအေဂျင်စီများ၏ လုပ်ငန်းဆောင်ရွက်ချက်များ

## ကချင်ပြည်နယ် MSME အေဂျင်စီ

၂၀၂၆ ခုနှစ်၊ မတ်လ (၁၈) ရက်နေ့တွင် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန (ရုံးချုပ်)မှ Online ဖြင့် ဆောင်ရွက်ခဲ့သည့် မှိုင်းကိုင်စက္ကူ(ရှမ်းစက္ကူ) ထုတ်လုပ်မှုနည်းပညာ ဆွေးနွေးပွဲသို့ ကို MSME အေဂျင်စီမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ပါသည်။



## ကယားပြည်နယ် MSME အေဂျင်စီ

ပြည်နယ် အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာနမှ ၂၆.၃.၂၀၂၆ ရက်နေ့တွင် သောက်ရေသန့် လုပ်ငန်းရှင် ၅ ဦးအား ကောင်းမွန်သော ထုတ်လုပ်မှုကျင့်စဉ် (Good Manufactur- ing Practice) (GMP) နှင့် ပတ်သက်၍ သင်တန်းပို့ချခဲ့ပါသည်။



## ကရင်ပြည်နယ် MSME အေဂျင်စီ

၂၀၂၆ ခုနှစ်၊ မတ်လ (၂၇) ရက်နေ့တွင်  ဘားအံ စက်မှုဇုန်၊ ဇုန်အမှတ်(၁)တွင် Arrow Auto Engineering Co.,Ltd EV (၂) ဘီး၊ (၃)ဘီး တပ်ဆင်ထုတ်လုပ်ရေး စက်ရုံ ဖွင့်ပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။




## စစ်ကိုင်းတိုင်းဒေသကြီး MSME အေဂျင်စီ

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ၂၂.၃.၂၀၂၆ ရက်နေ့မှ ၂၆.၃.၂၀၂၆ ရက်နေ့အထိ တန်ဖိုးမြှင့် စားသောက်ကုန်Snackအမျိုးမျိုး လေ့ကျင့်ထုတ်လုပ်ရေးသင်တန်းကို သင်တန်းသား/သူ(၁၃)ဦး ဖြင့် ဖွင့်လှစ်ပေးခဲ့ပါသည်။



## တနင်္သာရီတိုင်းဒေသကြီး MSME အေဂျင်စီ

၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်ဖွင့်လှစ်သည့် အုန်းအခြေခံလက်မှုထည်ထုတ်လုပ်မှုနည်းပညာသင်တန်း (၇/၂၀၂၅)ကို တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊သဘွတ်ကျေးရွာ၊ဘုန်းကြီးကျောင်း၌ ၁၈.၂.၂၀၂၂ ဖရက်နေ့မှ ၄.၃.၂၀၂၆ ရက်နေ့အထိ ဖွင့်လှစ်ခဲ့ရာသင်တန်းသား (၂၀)ဦးတက်ရောက်ခဲ့ပါသည်။



## ပဲခူးတိုင်းဒေသကြီး MSME အေဂျင်စီ

၂.၃.၂၀၂၆ရက်နေ့တွင် ပဲခူးမြို့၊ ရွှေ့ဟောင်းသမိုင်းဝင် ဆံတော်ရှင် ကျိုက်ပညာယျစေတီတော်မြတ်ကြီး၌ ပဲခူးတိုင်း ဒေသကြီးအစိုးရအဖွဲ့မှဦးဆောင်၍ ၂၀၂၆ ခုနှစ် (၆၄)နှစ်မြောက် တောင်သူလယ်သမားနေ့ အထိမ်း အမှတ်၊ ပဲခူးတိုင်းဒေသကြီး ဟင်းသီးဟင်းရွက်၊ သစ်သီးဝလံ၊ ပန်းမံပြပွဲ၊ ပြိုင်ပွဲနှင့် MSME ဒေသထုတ်ကုန် ဈေးရောင်းပွဲတော်ကျင်းပပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်မှတက်ရောက်ဖွင့်လှစ်ခဲ့ပြီး ဒေသထွက်ကုန် အရောင်းပြခန်း(၁၁၀)ခန်းရှိ စုစုပေါင်းဒေသထွက်ကုန်အမျိုးပေါင်း (၈၀၀) ကျော် အား လှည့်လည် ကြည့်ရှုအားပေးခဲ့ပါသည်။



## မကွေးတိုင်းဒေသကြီး MSME အောင်စီ

၂၃.၃.၂၀၂၆ ရက်နေ့တွင် မကွေးခရိုင်၊ တောင်တွင်းကြီးငါးလုပ်ငန်းရုံးခန်းမတွင် ကျင်းပပြုလုပ်သည့် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်သင်တန်းအား သင်တန်းသား(၁၅) ဦး တက်ရောက်ခဲ့ပါသည်။



## မန္တလေးတိုင်းဒေသကြီး MSME အောင်စီ

၅.၃.၂၀၂၆ ရက်နေ့မှ ၁၉.၃.၂၀၂၆ ရက်နေ့အထိ မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနမှ လူငယ်သင်တန်း ကျောင်း (မန္တလေး)တွင် အခြေခံအိမ်တွင်းလျှပ်စစ်သွယ်တန်းမှုနည်းပညာ သင်တန်းဖွင့်လှစ်ပေးခဲ့ပါသည်။



## မွန်ပြည်နယ် MSME အောင်စီ

၁၈-၃-၂၀၂၆ ရက်နေ့မှ ၂၀-၃-၂၀၂၆ ရက်နေ့ထိ (၅၂)နှစ်မြောက် မွန်ပြည်နယ်နေ့အထိမ်းအမှတ်အနေဖြင့် MSME ထုတ်ကုန်ပြခန်းတွင် လုပ်ငန်း(၃၀)ခု ၏ ထုတ်ကုန်များပါဝင်ပြသ ရောင်းချခဲ့ပါသည်။




## ရန်ကုန်တိုင်းဒေသကြီး MSME အောင်စီ

(၇.၃.၂၀၂၆) ရက်နေ့မှ (၈.၃.၂၀၂၆) ရက်နေ့အထိ Sedona Hotel ၌ Myanmar Women Entrepreneurs Network မှ ဦးစီး၍ “MYANWEN BEAUTY 2026” The MSME Showcase အခမ်းအနားကျင်းပ ပြုလုပ်ရာ MSME လုပ်ငန်းများအား အခွင့်အလမ်းများ၊ အချိတ်အဆက်များ ရရှိရေးအတွက် လိုအပ်ချက်များကို တစ်နေရာတည်းတွင်စုစည်းတင်ပြနိုင်ရန် SME ယာယီမှတ်ပုံတင်ခြင်းနှင့် MSME ချေးငွေဆိုင်ရာ လျှောက်ထားမှု သတင်းအချက်အလက်မျှဝေခြင်း ကောင်တာများဖွင့်လှစ်၍ ရှင်းလင်းဆွေးနွေးခဲ့ပါသည်။



## ရှမ်းပြည်နယ် MSME အေဂျင်စီ

၁၅.၃.၂၀၂၆ ရက်နေ့၊ တောင်ကြီးမြို့၊ မြို့တော်ခန်းမ၌ စီးပွားရေးနှင့် ကူးသန်း ရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေး ရာဦးစီးဌာန၏ ကမ္ဘာ့စားသုံးသူအခွင့်အရေး များနေ့ (World Consumer Right Day, 2016) အထိမ်းအမှတ်အခမ်းအနား ကျင်းပ ပြုလုပ်ခဲ့ပါသည်။



## ဧရာဝတီတိုင်းဒေသကြီး MSME အေဂျင်စီ

ပုသိမ်မြို့၊ မရမ်းချောင်းကျေးရွာတွင် (၆၄)နှစ် မြောက် တောင်သူလယ်သမားနေ့ အထိမ်း အမှတ်ပြခန်း များကို ၁.၃.၂၀၂၆ ရက်နေ့မှ ၄.၃.၂၀၂၆ ရက်နေ့အထိ ပြသခဲ့ရာ ဌာန ဆိုင်ရာ ပြခန်းများ၊ ခရိုင်(၈)ခရိုင်မှ သစ်သီးဝလံ၊ ပန်းမန်နှင့် ဒေသထွက်ကုန်ပြခန်းနှင့် ကုမ္ပဏီ ပြခန်းများ ဖြစ်သည့် သဘာဝမြေဩဇာ၊ ဇီဝ မြေဩဇာစသည့် စိုက်ပျိုးရေးသွင်းအားစုနှင့် စိုက်ပျိုးမွေးမြူရေးဆိုင်ရာ ကုမ္ပဏီပြခန်းများ အပါအဝင် ပြခန်းစုစုပေါင်း (၄၃)ခန်း ပြသခဲ့ပါသည်။



## နေပြည်တော် MSME အောင်စီ

၁၈.၃.၂၀၂၆ ရက်နေ့မှ ၂၂.၃.၂၀၂၆ ရက်နေ့အထိ MSME ထုတ်ကုန်များ စုပေါင်းဈေးရောင်းပွဲတော်ကို ပျဉ်းမနား-တောင်ညိုလမ်းကြီးဘေး နေပြည်တော်၊ သပြေကုန်းတွင် ဖွင့်လှစ်ထားသော Moe Thri Mega Store၌ ကျင်းပခဲ့ရာတွင် လုပ်ငန်းရှင်(၁၄) ဦး၏ ဒေသထွက်ထုတ်ကုန်များ ပြသရောင်းချနိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။



## နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME အောင်စီ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ လဟယ်မြို့တွင် ၂၀.၃.၂၀၂၆ ရက်နေ့မှ ၂၆.၃.၂၀၂၆ ရက်နေ့အထိ အသက်မွေး ဝမ်းကျောင်းကာလတိုသင်တန်းဖြစ်သည့် တန်ဖိုးမြင့် စားသောက်ကုန်သီးနှံအခြေခံ (ယို၊ ဖျော်ရည်၊ ဝိုင်)အမျိုးမျိုး ထုတ်လုပ်မှုနည်းပညာသင်တန်းအား သင်တန်းသူ (၂၀)ဦးဖြင့် ဖွင့်လှစ်ဆောင်ရွက်ခဲ့ပါသည်။



## ခနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME အောင်စီ

၈.၃.၂၀၂၆ ရက်နေ့မှ ၁၃.၃.၂၀၂၆ ရက်နေ့အထိ ဒေသအသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာနမှ ဦးဆောင်၍ ပင်းတယမြို့ တပေါင်းပွဲကျင်း၌ MSME ဈေးရောင်းပြပွဲ ကျင်းပပြုလုပ်ခဲ့ပါသည်။



## ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ MSME အောင်စီ

၁၁-၃-၂၀၂၆ ရက်နေ့တွင် ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ (၂၀၂၆-၂၀၂၇) ဘဏ္ဍာရေးနှစ်အတွင်း အသေးစားကုန်ထုတ်လုပ်ငန်းများ ဖန်တီးပေးနိုင်ရေးနှင့် ကျေးလက်နေ မိသားစုဝင်ငွေတိုးရေးစီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်ရန် ဆီဆိုင်မြို့၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၊ လူထုအခြေပြုခန်းမတွင် သင်တန်းတက်ရောက်မည့် သင်တန်းသား များနှင့်တွေ့ဆုံ၍ သင်တန်းအတည်ပြုဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ပါသည်။

